ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

(Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၁၃၂၅) ရက်စွဲ။ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** - Byeong Seok Cho, Operation and Production Director

(ခ) **ဆက်သွယ်ရန် လိပ်စာ** - POSCO International Corporation (Myanmar E & P), Level-3, No. 623, Vantage Tower, Pyay Road, Kamayut Township 11041, Yandon, Myanmar, + 959 880 441 240

(ဂ) **စီမံကိန်းအမျိုးအစား** - သဘာဝဓာတ်ငွေ့ထုတ်လုပ်ရောင်းချသောလုပ်ငန်း

(ဃ) **စီမံကိန်းကာလ** - အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** - ကမ်းလွန် Block A -1 & A – 3 နှင့် ကုန်းတွင်းထောက်ပို့စခန်း စီမံကိန်းဧရိယာ (၁၀၅.၃၅) ကေ၊

(စ) **စီမံကိန်းတည်နေရာ** - ကွင်းပေါင်း (၂) ကွင်း၊ လိပ်ခမော်အုပ်စု၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်

(ဆ) **ECC သက်တမ်း (၅)နှစ်** - စတင်ထုတ်ပေးရက် - ၁၇-၇-၂၀၂၅
သက်တမ်းကုန်ဆုံးရက် - ၁၆-၇-၂၀၃၀

(ဇ) **အတည်ပြုအစီရင်ခံစာ** - စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ဥည်မ - (၁၀၀) ၂/၆ (၀၇၃၆)၂၀၂၅ တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"**



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စည်းကမ်းချက်များ

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

POSCO International Corporation မှ ကမ်းလွန်လုပ်ကွက် A1 & A3 တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Shwe Field Existing Development (Phase-I) လုပ်ငန်းစီမံကိန်းအကြောင်းအရာ

၁။ POSCO International Corporation မှ ရခိုင်ကမ်းလွန်လုပ်ကွက် A1 & A3 နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေဧရိယာ (၁၀၅.၃၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းဖြစ်ပါသည်။ ၎င်းစီမံကိန်းလုပ်ငန်းအတွက် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၂-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ဥညမ-(၁၀၀)၂/၆(၀၇၃၆)၂၀၂၅ ဖြင့်တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အားစိစစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Byeong Seok Cho, Operation and Production Director, POSCO International Corporation (Myanmar E & P), Level-3, No. 623, Vantage Tower, Pyay Road, Kamayut Township 11041, Yandon, Myanmar, + 959 880 441 240 ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်း၏ ကမ်းလွန်အစိတ်အပိုင်းများတွင် Shwe ပေါင်းစပ်တူးဖော်မှု၊ ထုတ်လုပ်မှုနှင့် စီမံပြုပြင်မှု ကမ်းလွန်ပလက်ဖောင်း (SHP) နှင့် Mya North ကမ်းလွန်ရေအောက် တပ်ဆင်မှုတို့ပါဝင်ပါကြောင်း၊ ကုန်းတွင်းနေရာအဆောက်အဦများသည် ရမ်းဗြဲကျွန်း အနောက်မြောက်ဘက်ရှိ ကျောက်ဖြူမြို့၏တောင်ဘက်၌ တည်ရှိကြောင်း၊ ကုန်းတွင်းရှိ ဓာတ်ငွေ့ဂိတ် (OGT) သည် ရမ်းဗြဲကျွန်း၏ အနောက်မြောက်ဘက်သို့ ၁၀၆ ကီလိုမီတာ ခန့်အကွာရှိ ကမ်းလွန်ရေတိမ်ပိုင်းအစွန်းတွင် တည်ရှိသည့် Shwe Platform (SHP) မှ ဓာတ်ငွေ့ ပိုက်လိုင်းဖြင့် တင်ပို့လာသည့် ဓာတ်ငွေ့ထုတ်လုပ်မှုကို လက်ခံရယူကြောင်း၊ Mya North မှ Shwe ပလက်ဖောင်းသို့ ၁၂ ကီလိုမီတာကွာဝေးကြောင်း၊ Shwe ပလက်ဖောင်းမှ landfall သို့ ၃၂ လက်မရှိ ပိုက်လိုင်းဖြင့်လည်းကောင်း၊ ကမ်းလွန်လုပ်ကွက်မှ landfall သို့ ၁၀၅ ကီလိုမီတာကွာဝေးကြောင်း၊ landfall မှ ဓာတ်ငွေ့ဂိတ်သို့ ၅ ကီလိုမီတာ ကွာဝေးကြောင်း၊ ဓာတ်ငွေ့ဂိတ်(461, 342 m^2) သည် ရမ်းဗြဲကျွန်းတွင် တည်ရှိပါကြောင်း၊ ဓာတ်ငွေ့ဂိတ်တွင် reception terminal, metering station တို့ပါဝင်ပြီး လုပ်ငန်းသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ metering skid တို့ပါဝင်ကြောင်း၊ accommodation တွင် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အဦ၊ ဝန်ထမ်းအိမ်ရာ၊ နည်းပညာပိုင်းဆိုင်ရာအဆောက်အဦ၊ အလုပ်ရုံ အဆောက်အဦ၊ ဓာတ်ခွဲခန်းအဆောက်အဦ၊ ပစ္စည်းထားရာ

နေရာများ စသည်တို့တည်ဆောက်ထားရှိကြောင်း၊ စွန့်ပစ်ရေသန့်စင်ခြင်း၊ ရေသိုလှောင်ထားရှိခြင်း၊ လောင်စာဆီသိုလှောင်ထားရှိခြင်းများ ဆောင်ရွက်ထားပါကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** Low- Pressure Gas Compression Platform (SHK) ၏ တပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းပါဝင်ကြောင်း၊ Central Drilling/ Production နှင့် Processing Platform (SHP) ကို ၂၀၁၂ ခုနှစ်တွင် ရေအနက် ၁၁၁ မီတာတွင် တပ်ဆင်ခဲ့ပါကြောင်း၊ open storage areas တွင် ပိုက်လိုင်းများ၊ ကွန်တိန်နာများ၊ ကားထားရာနေရာများ၊ အမှိုက်စွန့်ပစ်ရာနေရာများ၊ လုံခြုံရေးခြံစည်ရိုးများပါဝင်ကြောင်း၊ a helicopter operation base & Hangar တည်ဆောက်ထားရှိကြောင်း၊ Main Hangar သည် 120 ft wide × 150ft long, 24 ft high အမြင့်ရှိ အဆောက်အဦဖြစ်ကြောင်း၊ Shwe Field တွင် အမြဲတမ်းဝန်ထမ်း ၃၁၅ ဦးရှိကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေရိယာ (၁၀၅.၃၅) ဧကာ၊ ကမ်းလွန်လုပ်ကွက် A1 & A3 တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Shwe Field Existing Development (Phase-I) ဖြစ်ပါသည်။

POSCO International Corporation မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေရေယာ (၁၀၅.၃၅) ဧကပေါ်တွင် ကမ်းလွန်လုပ်ကွက် A1 & A3 ၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသောလုပ်ငန်းစီမံကိန်း၏ တည်နေရာပြမြေပုံ






Onshore Gas Terminal
Jetty
Hangar
Jetty
Onshore Gas Terminal
Shwe Platform
32" Gas Export Pipeline
Hangar
14" In-field Pipeline
SHP
Subsea Tree
Mya North Subsea System


Jetty & Jetty Supply Base
32 Inch
Offshore Pipeline
(105.8 km)
Landfall
32 Inch
Onshore Pipeline
(4.7 km)
New Jetty
Existing Road
Myanmar
Soil Disposal
Area
(50 acre)
Tie –in Point
Onshore Gas Terminal
(461,342m²)
Outfall Drainage
(700 m)
Kyauk Phyu, Ramree Island

POSCO International Corporation မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေဧရိယာ (၁၀၅.၃၅) ဧကပေါ်တွင် ကမ်းလွန်လုပ်ကွက် A1 & A3 ၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသောလုပ်ငန်းစီမံကိန်း၏ ကုန်းတွင်းပိုင်းရှိ တည်နေရာများ





POSCO International Corporation မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေရီယာ (၁၀၅.၃၅) ကေပေါ်တွင် ကမ်းလွန်လုပ်ကွက် A1 & A3 ၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသောလုပ်ငန်းစီမံကိန်း၏ ကုန်းတွင်းပိုင်းရှိ တည်နေရာများ



POSCO International Corporation မှ ရရှိငှါပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေဧရိယာ (၁၀၅.၃၅) ဧကပေါ်တွင် ကမ်းလွန်လုပ်ကွက် A1 & A3 ၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသောလုပ်ငန်းစီမံကိန်း၏ လုပ်ငန်းသုံးပစ္စည်းများနှင့် ဓာတုပစ္စည်းများစာရင်း

SR.	DESCRIPTION	Ref No in MOGE Chemical 419 Items
1	MEG (Mono Ethylene Glycol)	358
2	KHI (Kinetic Hydrate Inhibitor)	353
3	Water Clarifier / Reverse Demulsifier /Aluminum Salt(Mixtures)	360
4	Anti -foam/ Defoamer	352
5	Sodium Hypochlorite	359
6	Methanol	56

JOS Logistics Pte Ltd

Loyang Offshore Supply Base, Box No. 5138, Building No. 201
Loyang Crescent, Singapore 508988
Tel: (65) 6542 4788 Fax: (65) 6542 4818 Email: logistics@joslog.com.sg
Co. Reg. No: 200721395H

PROFORMA INVOICE

SHIPPER
JOS LOGISTICS PTE LTD
Loyang Offshore Supply Base
29 Loyang Crescent
Box No. 5138, Building No. 201
Singapore 508988
for POSCO INTL Corporation(Myanmar E & P)

INVESTMENT

CARRIER NOTIFY
POSCO INTERNATIONAL Corporation(Myanmar E & P)
Maha Aung ,No.54,Kabar Aye Pagoda Road Yankin Township,Yangon
Tel: (95 - 1) 651 239
Fax: (95- 1) 651858

CONSIGNEE
The Managing Director
Myanmar Oil and Gas Enterprise (M . O . G . E)
#44, Nay Pyi Taw, Myanmar
for POSCO INTL Corporation(Myanmar E & P)
Shwe Project

Invoice No. (Packing No.): SHWE-ASTD-502/2021
Date: 26 Nov 2021
Country of Origin: Singapore/USA/Canada/UK/Germany/Italy/ Norway/ France/ Korea/ India/ Malaysia/Thailand/ Spain
Mode of Transport: By Air / Sea
Port of Shipment: Singapore
Port of Discharge: Yangon / Sittwe / Kyauk Phyu

	HS CODE	DESCRIPTION	QTY		UNIT PRICE (US $)	AMOUNT (US $)
1	2905.1100	MEG (Mono Ethylene Glycol)	L	300,000	1.90	570,000.00
2	38140010	KHI (Kinetic Hydrate Inhibitor)	L	250,000	5.60	1,400,000.00
3	38249026	Water Clarifier / Reverse Demulsifier /Aluminum Salt(Mixtures)	L	8000	4.30	34,400.00
4	38249090	Anti -foam/ Defoamer	L	8000	3.00	24,000.00
5	28289090	Sodium Hypochlorite	L	5000	1.88	9,400.00
6	2905.1100	Methanol	L	100,000	0.80	80,000.00
					TOTAL CIF YANGON US$	2,117,800.00

We hereby certified that the above information is true and Correct

Authorized Signature

POSCO International Corporation မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေရေယာ (၁၀၅.၃၅) ဧကပေါ်တွင် ကမ်းလွန်လုပ်ကွက် A1 & A3 ၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသောလုပ်ငန်းစီမံကိန်း၏ လုပ်ငန်းသုံးပစ္စည်းများနှင့် ဓာတုပစ္စည်းများစာရင်း



နောက်ဆက်တွဲဖော်ပြ

လျှပ်စစ်နှင့်ဓာတ်ငွေ့ဝန်ကြီးဌာန၊ မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ဖြင့် Foreign Capital (Consumable) အဖြစ်
တင်သွင်းလာမည့် လုပ်ငန်းသုံးပစ္စည်းများစာရင်း

Foreign Capital (Consumable)

Sr No	Company	Letter No.	Block No.	Amount(US$) (C.I.F Yangon/ Sittwe/Kyaukphyu	Description	Remarks
1	Posco International	202111 200042	Shwe Project	2,117,600.00	Oil Well Chemicalsunder Provision of Chemicals and Lab Services (KHI (Kinetic Hydrate Inhibitor) and etc.,)	အခွန်ပေးဆောင်ပြီး တင်သွင်းခွင့်ပြုပါရန်
2	Posco International	202112 200003	Shwe Project	13,640.00	Oil Well Equipment / Tools and Equipment for Campaign 2 Execution (Gas - Diving Oxygen @ 200Bar)	အခွန်ပေးဆောင်ပြီး တင်သွင်းခွင့်ပြုပါရန်
Total (US$)				2,131,240.00		



နောက်ဆက်တွဲ(ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်အုပ်စု၊ ကွင်းပေါင်း (၂) ကွင်း၊ မြေရိယာ (၁၀၅.၃၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော POSCO International Corporation မှ ရခိုင်ကမ်းလွန်လုပ်ကွက် A-1 & A-3 တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Shwe Field Existing Development (Phase – I) သည် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသောလုပ်ငန်းစီမံကိန်းအတွက် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ၂-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ဥည်မ- (၁၀၀) ၂/၆ (ဝ၇၃၆)၂၀၂၅ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်း၏ ကမ်းလွန် အစိတ်အပိုင်းများတွင် Shwe ပေါင်းစပ်တူးဖော်မှု၊ ထုတ်လုပ်မှုနှင့် စီမံပြုပြင်မှု ကမ်းလွန် ပလက်ဖောင်း (SHP) နှင့် Mya North ကမ်းလွန်ရေအောက် တပ်ဆင်မှုတို့ပါဝင်ပါကြောင်း၊ ကုန်းတွင်းနေရာအဆောက်အဦများသည် ရမ်းဗြဲကျွန်း အနောက်မြောက်ဘက်ရှိ ကျောက်ဖြူမြို့၏တောင်ဘက်၌ တည်ရှိကြောင်း၊ ကုန်းတွင်းရှိ ဓာတ်ငွေ့ဂိတ် (OGT) သည် ရမ်းဗြဲကျွန်း၏ အနောက်မြောက်ဘက်သို့ ၁၀၆ ကီလိုမီတာ ခန့်အကွာရှိ ကမ်းလွန်ရေတိမ်ပိုင်း အစွန်းတွင် တည်ရှိသည့် Shwe Platform (SHP) မှ ဓာတ်ငွေ့ပိုက်လိုင်းဖြင့် တင်ပို့လာသည့် ဓာတ်ငွေ့ထုတ်လုပ်မှုကို လက်ခံရယူကြောင်း၊ Mya North မှ Shwe ပလက်ဖောင်းသို့ ၁၂ ကီလိုမီတာကွာဝေးကြောင်း၊ Shwe ပလက်ဖောင်းမှ landfall သို့ ၃၂ လက်မရှိ ပိုက်လိုင်းဖြင့်လည်းကောင်း၊ ကမ်းလွန် လုပ်ကွက်မှ landfall သို့ ၁၀၅ ကီလိုမီတာကွာဝေးကြောင်း၊ landfall မှ ဓာတ်ငွေ့ဂိတ်သို့ ၅

ကီလိုမီတာ ကွာဝေးကြောင်း၊ ဓာတ်ငွေ့ဂိတ်(461, 342 m ^{2}) ကျယ်ဝန်းကြောင်း၊ ဓာတ်ငွေ့ဂိတ်တွင် reception terminal, metering station တို့ပါဝင်ပြီး လုပ်ငန်းသုံးပစ္စည်းများ၊အသုံးအဆောင်ပစ္စည်းများ၊ metering skidတို့ပါဝင်ကြောင်း၊ accommodation တွင် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အဦ၊ ဝန်ထမ်းအိမ်ရာ၊ နည်းပညာပိုင်းဆိုင်ရာ အဆောက်အဦ၊ အလုပ်ရုံ အဆောက်အဦ၊ ဓာတ်ခွဲခန်းအဆောက်အဦ၊ ပစ္စည်းထားရာနေရာများ စသည်တို့ တည်ဆောက်ထားရှိကြောင်း၊ စွန့်ပစ်ရေသန့်စင်ခြင်း၊ ရေသိုလှောင်ထားရှိခြင်း၊ လောင်စာဆီသိုလှောင်ထားရှိခြင်းများဆောင်ရွက်ကြောင်း။

(ဂ) **လုပ်ငန်းလည်ပတ်ရေးကာလတွင် လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထိရောက်သော စက်ကိရိယာများကို အသုံးပြုရန်၊

(၂) သင့်လျော်သော လည်ပတ်မှုလုပ်ငန်းစဉ်များ၏ ပြုပြင်ထိန်းသိမ်းမှုအားလုံး၏ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်၊

(၃) စက်များ၊ ကိရိယာများအား ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ရန်၊

(၄) မလိုအပ်သော ရေယာဉ်သွားလာမှုအား ကန့်သတ်ရန်၊

(၅) Virtual meetings and remote collaboration tools တို့အား အသုံးပြုဆောင်ရွက်ရန်၊

(၆) မလိုအပ်သော လောင်စာဆီ အသုံးပြုမှု၊ ကာဗွန်ထွက်ရှိမှု လျှော့ချခြင်းဆောင်ရွက်ရာတွင် idle-reduction policies အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) **လုပ်ငန်းလည်ပတ်ရေးကာလတွင် ပင်လယ်ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထွက်ရှိသောရေများအားလုံးကို ကမ်းလွန်တွင် သန့်စင်ပြီး ပင်လယ်သို့ စွန့်ထုတ်သွားခြင်း၊ ထွက်ရှိသောရေနှင့်ပတ်သက်၍ ပင်လယ်ထဲသို့ ဆီစွန့်ထုတ်ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ကိုက်ညီရန် (တစ်ရက်လျှင် ပင်လယ်

ထဲသို့ ဆီနှင့် ကြေးဆီစွန့်ထုတ်မှုသည် 42 mg/ L ထက် မပိုရ၊ ရက်ပေါင်း ၃၀ ၌ ပုံမှန် 29 mg/ L ထက်မပိုရ) ဆောင်ရွက်ရန်၊

(၂) ရေတွင် ဆီပါဝင်မှုကို စစ်ဆေးရန် လုံလောက်သော ရေနမူနာများကို ကောက်ယူရန်နှင့် ပင်လယ်ထဲသို့ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ စွန့်ပစ်မှုကို လျှော့ချနိုင်ရန် ဓာတုပစ္စည်းရွေးချယ်အသုံးပြုရာတွင် ဘေးအန္တရာယ်ပြုဆန်းစစ်ရန်၊

(၃) ရေတွင် ဆီပါဝင်မှုမှာ < 30 mg/ L (လစဉ် ပုံမှန်) ဖြစ်စေရန် ရေဆိုးထုတ်လွှတ်မှုကို သေချာစွာဆောင်ရွက်နိုင်ရန် ပလက်ဖောင်းအသုံးပြုမှု စနစ်ဒီဇိုင်းစံနှုန်းများနှင့်ရှိသော လည်ပတ်ရေးမူဝါဒများကို လိုက်နာ ဆောင်ရွက်ရန်၊

(၄) လည်ပတ်ဆောင်ရွက်ရာ၌ MARPOL နောက်ဆက်တွဲ (၁) - စွန့်ပစ်မှု၏ ရေတွင် ဆီပါဝင်မှုမှာ 15 ppm မကျော်စေရေးကို လိုက်နာဆောင်ရွက်ရန်၊

(၅) ရေဆိုးများအားလုံးကို MARPOL 73/ 78 နှင့်အညီ စွန့်ပစ်ရန်၊

(၆) တူးဖော်ရေးပလက်ဖောင်းနှင့် ရေယာဉ်များတွင် ကုန်းပတ်ရေမြောင်းအတွက် ဆီနှင့် ရေခွဲသည့်ကိရိယာများ တပ်ဆင်ရန်၊

(၇) သင်္ဘောဝမ်းတွင် စုနေသည့်ရေ စွန့်ပစ်မှုများအတွက် ဆီနှင့်ရေခွဲသည့် စက်များ တပ်ဆင်ရန်၊

(၈) အကောင်းဆုံးအလေ့အကျင့်များဖြင့် ပြန်လည်အသုံးပြုရန် သို့မဟုတ် စွန့်ထုတ်ရန် အတွက် အသုံးပြုပြီးသော ဆီနှင့် ဆီပါဝင်သော စွန့်ပစ်ပစ္စည်းကို ရေဆိုးထည့်တိုင်ကီ (slop tank) သို့ ထည့်ခြင်းအား ဆောင်ရွက်ရန်၊

(၉) Larger vessels အတွက် MARPOL Annexes I and IV လိုက်နာ ဆောင်ရွက်ရန်။

(c) **လုပ်ငန်းလည်ပတ်ရေးကာလတွင်အဏ္ဏဝါသက်ရှိများစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကောင်းစွာထိန်းသိမ်းထားသော ရေယာဉ်များကိုသာ အသုံးပြုရန်၊

(၂) လည်ပတ်ရေးကာလအတွင်း ရေယာဉ်များကို ပုံမှန်စစ်ဆေး ဆောင်ရွက်ရန်၊

(၃) စက်အရှိန်အား မကြာမကြာအသုံးပြုခြင်း သို့မဟုတ် အနိမ့်ဆုံး ဖြစ် အောင် စက်အရှိန်ထိန်းခြင်း သို့မဟုတ်ပိတ်ခြင်းဆောင်ရွက်ရန်၊

(၄) ကမ်းလွန်ဒေသရှိ ငါးများ၊ ပုစွန်၊ ဂဏာန်းများ၊ သန္တာကျောက်တန်းများ၊ အခြားရေနေသတ္တဝါများအား အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ ဖမ်းယူ စုဆောင်းခြင်း တားမြစ်ရန်၊

(၅) စီမံကိန်းဝန်ထမ်းများအား မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ အဏ္ဏဝါဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၆) ပြုစုပျိုးထောင်လေ့ကျင့်ပြီးဖြစ်သော vessels များကိုသာ အသုံးပြုရန်။

(စ) **လုပ်ငန်းလည်ပတ်ရေးကာလတွင် ငါးဖမ်းလုပ်ငန်းများနှင့် ရေကြောင်းသွားလာမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) အချင်းဝက် ၅၀၀ မီတာရှိ ဘေးကင်းလုံခြုံရေးဇုန်ကို ပလက်ဖောင်းပတ်ပတ်လည် တွင်ထားရှိ၍ အနီးကပ်စောင့်ကြည့်ရေးအား သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက် ရန်၊

(၂) သတိပေးရေးနယ်မြေရိယာ (ရေမိုင် ၅ မိုင်) ရှိမည်ဖြစ်ပြီး ယင်းနေရာတွင် ရေကြောင်း သွားလာမှုကို ခွင့်ပြုခြင်းမပြုရန်၊

(၃) ရေကြောင်းပြမီးအလင်းရောင်၊ နယ်မြေရိယာမီးအလင်းရောင်၊ ဆက်သွယ်မှု ကိရိယာနှင့် ရေဒါရောင်ပြန်ပြားများ အပါအဝင် ရေကြောင်းပြ သတိပေး ကိရိယာများကို ပလက်ဖောင်းအတွက် ထားရှိဆောင်ရွက်ရန်၊

(၄) တပ်ဆင်ထားသော နေရာအဆောက်အဦများရှိနေသောကွင်းသို့ ရေကြောင်း သွားလာရေး သတိပေးရန် ရေကြောင်းသတိပေးချက်များကို ထုတ်ပြန်ပေးရန်၊

(၅) စီမံကိန်းနှင့် ဆက်စပ်နေသည့် ရေယာဉ်အားလုံးသည် မြန်မာနိုင်ငံဥပဒေ၊ ဆိပ်ကမ်းအာဏာပိုင်၏ စည်းမျဉ်းများနှင့် (PIC) ၏ ရေကြောင်းဆိုင်ရာ အလေ့အကျင့်များကို လိုက်နာရန်၊

(၆) လုပ်ငန်းဆောင်ရွက်နေမှုအပေါ် အနှောင့်အယှက်ဖြစ်မှု နည်းပါးစေရန်နှင့် ရေကြောင်းမတော်တဆမှုများ လျှော့ချရန်အတွက် ရေယာဉ်သွားလာမှုကို ဆိပ်ကမ်းအာဏာပိုင် နှင့် ဆွေးနွေးဆောင်ရွက်ရန်၊

(၇) စီမံကိန်းဧရိယာအတွင်းရှိ အခြားရေယာဉ်များကို လုံလောက်သော သတိပေး မှုပြုနိုင်ရန်အတွက် ဆိပ်ကမ်းနှင့် ရေယာဉ်များပေါ်တွင် ရေကြောင်းပြ မီးအလင်းရောင်၊ နယ်မြေရိယာ မီးအလင်းရောင်၊ ဆက်သွယ်မှုကိရိယာနှင့်

ရေဒါရောင်ပြန်ပြားများအပါအဝင် ရေကြောင်းပြ သတိပေးကိရိယာများထား ရှိ ဆောင်ရွက်ရန်။

(ဆ) **လုပ်ငန်းလည်ပတ်ရေးကာလတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီ၏ HSE မှ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု သတ်မှတ်ချက်များနှင့် သက်ဆိုင်ရာ ဥပဒေများကို လိုက်နာဆောင်ရွက်ရန်၊ ကန်ထရိုက်တာများ အားလုံးကို ပြဋ္ဌာန်းပေးခြင်းနှင့် ၎င်းတို့၏ လိုက်နာဆောင်ရွက် မှုများအတွက် ကန်ထရိုက်တာများ၏ လည်ပတ်ဆောင်ရွက်မှုများကို စောင့်ကြပ် ကြည့်ရှုစစ်ဆေးရန်၊

(၂) စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုကို လျှော့ချရန်၊

(၃) သင့်လျော်သည့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းခွဲခြားထားမှုနှင့် သိုလှောင်မှု ကို စွန့်ပစ်ရန် အလေ့အကျင့်ကောင်းများဖြင့် အကောင်အထည်ဖော်ဆောင် ရွက်ရန်၊

(၄) သင့်လျော်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် သိုလှောင်မှုအကြောင်း သင်တန်း များ စီမံဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ယူရာတွင် လမ်းညွှန်ချက်များချမှတ် ဆောင်ရွက်ရန်၊

(၆) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ရေး လမ်းညွှန်ချက်ထားရှိ ဆောင်ရွက်ရန်၊

(၇) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်အတွက် Periodical ISO 14001 စာရင်းစစ်ခြင်း ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၈) စွန့်ပစ်ပစ္စည်းခွဲခြားခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းဆောင်ရွက်ရာမှ ကမ်းလွန်နေရာမှ လှေဖြင့် သယ်ယူပြီး ကုန်းမြေပေါ်တွင် သင့်လျော်သော နည်းလမ်းများ အသုံးပြုဆောင်ရွက်ရန်။

(ဇ) **လုပ်ငန်းလည်ပတ်ရေးကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံခန့်ခွဲမှုထိန်းချုပ်မှုများနှင့် လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးကင်းရေးစီမံခန့်ခွဲမှုစနစ်များအားဆောင်ရွက်ရန်၊

(၂) ခွင့်ပြုခြင်းဆိုင်ရာစနစ်၊ စီမံခန့်ခွဲမှုဆိုင်ရာ အပြောင်းအလဲများ၊ ကန်ထရိုက်တာစီမံခန့်ခွဲမှု၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု၊ မတော်တဆမှု အစီရင်ခံခြင်းနှင့် စုံစမ်းစစ်ဆေး မှု၊ စီမံခန့်ခွဲမှု အစီအစဉ်များပြင်ဆင်မှုနှင့် ကြိုတင်ကာကွယ်မှုစသည်တို့ အပါအဝင် လည်ပတ်ရေးဆိုင်ရာ ထိန်းချုပ်မှုများအား ဆောင်ရွက်ရန်၊

(၃) နည်းလမ်းများ၊ ဘေးကင်းရေးဆောင်ရွက်မှု၊ လုပ်ငန်းခွင်ခွင့်ပြုချက် တောင်းခံခြင်း၊ PPE စသည်ဖြင့် အသုံးပြုရန် ဘေးကင်းရေး လုပ်ထုံး လုပ်နည်းများကဲ့သို့သော ကျန်းမာရေးနှင့် ဘေးကင်းရေး အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်နှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာ ထိန်းချုပ်ရေး အစီအမံများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) ရှေးဦးသူနာပြုအကူအညီ၊ လိုအပ်သောလိုင်စင်ရ ဆေးကူသူများငှားရမ်းရန် အစီအစဉ်များ၊ အရေးပေါ်အစီအစဉ်များနှင့် အရေးပေါ်အခြေအနေတွင် တုံ့ပြန်မှုအစီအစဉ်များ ကဲ့သို့သော ပြန်လည်ထိန်းသိမ်းရေး/ တုံ့ပြန်ဆောင်ရွက်ရေး အစီအမံများအပေါ် အခြေပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ကျန်းမာရေးစစ်ဆေးခြင်း၊ သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ အကြံပြုခြင်း၊ ဘေးကင်းလုံခြုံရေးသင်တန်းများပေးခြင်းနှင့် ကျန်းမာရေးနှင့် ဘေးကင်းရေး/ စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်း ကဲ့သို့သော အခြားအစီအမံ များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးစီမံခန့်ခွဲမှုစနစ်အတွက် Periodical ISO 45001 စာရင်းစစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဈ) **လုပ်ငန်းလည်ပတ်ရေးကာလတွင် ဝန်ထမ်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အားလပ်ချိန်နှင့် အပန်းဖြေမှုအစီအစဉ်များအတွက် နေရာအဆောက်အဦများပေးရန်၊

(၂) အလုပ်သမားနှင့် ကန်ထရိုက်တာအပြုအမူဆိုင်ရာမူဝါဒများနှင့် လေ့ကျင့်သင်ကြားမှုများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းအမှုထမ်းများနှင့် ကန်ထရိုက်တာများအားလုံးအရက်နှင့် ဆေးဝါးအလွန်အကျွံသုံးစွဲခြင်းကို တားမြစ်ရန်၊

(၄) စီမံကိန်းသက်ရောက်သည့်ဧရိယာတွင် ဒေသတွင်းနေထိုင်သူများကို အလုပ်ခန့်အပ်ခြင်းဆောင်ရွက်ရန်၊

(၅) စီမံကိန်းအလုပ်သမားများနှင့်ကန်ထရိုက်တာများအတွက် ရပ်ရွာနှင့် ယဉ်ကျေးမှုဆိုင်ရာအသိအမြင်ပွင့် သင်တန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) ထိခိုက်လွယ်သည့် ပုဂ္ဂိုလ်များဆိုင်ရာ မူဝါဒကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းဆောင်ရွက်မှုကြောင့် အကူးအပြောင်းခက်ခဲမှုကို ရင်ဆိုင်ရသော ဒေသခံများနှင့် အသစ်လာရောက်နေထိုင်သူများအတွက် လူမှုအထောက်အကူပြု ဝန်ဆောင်မှုများတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင့်လျော်သော မိတ်ဖက်ဖွဲ့စည်းမှုများ တည်ဆောက်ရန်၊

(၈) ဒေသတွင်း ဦးစားပေးဝယ်ယူမှုဆိုင်ရာ နည်းဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်လျက် ကျောက်ဖြူ (အထူးသဖြင့် လတ်ဆတ်သော ထုတ်ကုန်များ) ရှိ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဦးစားပေး ဝယ်ယူမှုဖြင့် မိရိုးဖလာလုပ်ငန်းများကို ထောက်ပံ့ပေးရန်။

(ည) **လုပ်ငန်းလည်ပတ်ရေးကာလတွင် Supply base and jetty facilities ရေပေါ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေများစွန့်ပစ်ရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်မိလ္လာရေဆိုးသန့်စင်ခြင်း၊ စွန့်ပစ်ရေသန့်စင်ခြင်းအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) လောင်စာဆီ သိုလှောင်ကန်၊ ဓာတုပစ္စည်းသိုလှောင်ခြင်း ဧရိယာများတွင် ပင်လယ်ပြင်၌ သေ့ခတ်၍ ထိန်းသိမ်းဆောင်ရွက်ရန်၊

(၄) လောင်စာဆီသိုလှောင်ခြင်း၊ ဓာတုပစ္စည်းသိုလှောင်ရာတွင် ဆီများ၊ ဓာတုပစ္စည်းများ ရေသို့ရောက်ရှိမှုမရှိစေရေး bund ကဲ့သို့သောနံရံများ ထားရှိဆောင်ရွက်ရန်၊

(၅) လောင်စာဆီ၊ ဓာတုပစ္စည်းများယိုစိမ့်မှုဖြစ်ပါက ချက်ချင်းဆောင်ရွက်မှု immediate clean-up actions အတွက် လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးစေရေး ဆောင်ရွက်ရန်၊

(၆) bund ကဲ့သို့သော နံရံများမှ စီးဆင်းရေများမှ မိုးရေစုဆောင်းသည့်စနစ်သို့ စွန့်ထုတ်ရာတွင် oil and grease traps တပ်ဆင်အသုံးပြုရန်၊

(၇) ယာဉ်များ၊ သန့်စင်စနစ်များ ဆေးကြောရာမှ ထွက်ရှိလာသည့် ရေများ၊ ဆီများအတွက် oil / water separator နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စွန့်ပစ်ဆီများအား စုဆောင်း၍ ပြန်လည်ပြုပြင်အသုံးပြုခြင်း၊ စွန့်ပစ်ခြင်းတို့အား ဆောင်ရွက်ရန်။

(၄) **လုပ်ငန်းလည်ပတ်ရေးကာလတွင် Supply base and jetty facilities မြေဆီလွှာညစ်ညမ်းမှုစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လောင်စာဆီများ၊ ဓာတုပစ္စည်းများသိုလှောင်ရာနေရာ၌ ဒုတိယအတားအဆီး (secondary containment) များ ထားရှိဆောင်ရွက်ရန်၊

(၂) လိုင်းများမှ စီးဆင်းမှုများ၊ ပန့်၊ ကွန်ပရက်ဆာ၊ ဘာဆယ်၊ အပူပြောင်းလဲခြင်း၊ ကိရိယာများအားလုံးသည် ဆီနှင့်ရေခွဲခြားမှုများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၃) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကိုင်တွယ်ခြင်း၊ ဆီယိုစိမ့်မှုထိန်းချုပ်ခြင်း၊ ညစ်ညမ်းပစ္စည်းများ သန့်စင်ခြင်း စသည်တို့ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ထမ်းများကို သင်တန်းများ ထောက်ပံ့ပေးရန်။

(၅) **A-1 & A-3 လုပ်ကွက် လုပ်ငန်းလည်ပတ်ရေးကာလတွင် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းထွက်ရှိမှု (စွန့်ပစ်ရေများ၊ အစာအကြွင်းအကျန်များ၊ ထွက်ရှိလာသည့်သဲများ) အား MARPOL 73/ 78 [b] နေ့စဉ်မှတ်တမ်းတင် ဆောင်ရွက်ရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၅,၀၀၀ အသုံးပြုရန်၊

(၂) ပင်လယ်ရေအရည်အသွေးအား Chromium VI, Temperature, Dissolved Oxygen, Nitrate, Nitrite, Oil and Grease, Total Suspended Solids, Total Petroleum hydrocarbon စသည့် Parameter များအား (၆) လလျှင် တစ်ကြိမ်စောင့်ကြပ်ကြည့်ရှုတိုင်းတာစစ်ဆေးရန်နှင့်တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၀,၀၀၀ အသုံးပြုရန်၊

(၃) နောက်ဆုံးစွန့်ပစ်ရေများအား (Bilge water, deck draingae) တို့တွင် Oil and Grease, Total Suspended Solids, Total Petroleum hydrocarbon များအား (၆) လလျှင်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာစစ်ဆေးရန်၊

(၄) စီးပွားဖြစ် ငါးမွေးမြူမှုနှင့်စပ်လျဉ်း၍ တွေ့ရှိပါက မှတ်တမ်းတင် ဆောင်ရွက်ရန်နှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၅) ဝန်ထမ်းများအား သင်တန်းများဆောင်ရွက်ရန်နှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၆) ထိခိုက်ဒဏ်ရာရမှုနှင့် စပ်လျဉ်း၍ တွေ့ရှိပါက မှတ်တမ်းတင်ဆောင်ရွက်ရန်နှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၇) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု လိုက်နာဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ (၆) လလျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာ စစ်ဆေးရန်နှင့် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၀,၀၀၀ အသုံးပြုရန်၊

(၈) မတော်တဆမှုထိခိုက်မှုနှင့် ဆီယိုစိမ့်မှုတို့နှင့်စပ်လျဉ်း၍ တွေ့ရှိပါက ဘေးကင်းစေရေး ဆောင်ရွက်ရန်နှင့် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၉) ဓာတ်ငွေ့ထွက်ရှိမှုမှ မှန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုနှင့်စပ်လျဉ်း၍ လစဉ်တွက်ချက်ရန်နှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၁၀) အဏ္ဏဝါသက်ရှိသတ္တဝါနှင့်စပ်လျဉ်း၍ အနည်အနှစ်များ၊ Macrobenthos, Zooplankton, Phytoplankton, Marine Mammals စသည့်တို့အား (၃) နှစ်လျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာစစ်ဆေးရန်နှင့် တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၁၁) Vessel Traffic များနှင့်စပ်လျဉ်း၍ သဘော်သွားရာလမ်းကြောင်းများ MARPOL Annex I-VI လိုက်နာ၍ (၆) လလျှင် တစ်ကြိမ် စောင့်ကြပ် ကြည့်ရှု စစ်ဆေးရန်။

(၃) **Midstream and Onshore Development လုပ်ငန်းလည်ပတ်ရေးကာလတွင် စောင့်ကြပ် ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား နေ့စဉ်မှတ်တမ်းတင် ဆောင်ရွက်ရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၅,၀၀၀ အသုံးပြုရန်၊

(၂) စွန့်ပစ်ရေသန့်စင်မှုမှ Biological Oxygen Demand (BOD), Chemical Oxygen Demand (COD), pH, Oil and Grease, Total Suspended Solids, Total phosphorous, Total nitrogen, Total coliform bacteria စသည့် Parameter များအား (၆) လလျှင်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တိုင်းတာ စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ အသုံးပြုရန်၊

(၃) ဓာတ်ငွေ့ထွက်ရှိမှုမှ မှန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုနှင့်စပ်လျဉ်း၍ (၆) လလျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာစစ်ဆေးရန်နှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၄) အနှံစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ (၆)လလျှင်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တိုင်းတာ စစ်ဆေးရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂,၀၀၀ အသုံးပြုရန်၊

(၅) ဆူညံသံစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ (၆)လလျှင်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တိုင်းတာ စစ်ဆေးရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂,၀၀၀ အသုံးပြုရန်၊

(၆) ဝန်ထမ်းများအား သင်တန်းများ ဆောင်ရွက်ပေးရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၇) ထိခိုက်ဒဏ်ရာရမှုနှင့် စပ်လျဉ်း၍ တွေ့ရှိပါက မှတ်တမ်းတင်ဆောင်ရွက်ရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ အသုံးပြုရန်၊

(၈) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု လိုက်နာဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ (၆) လလျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာ စစ်ဆေးရန်နှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ အသုံးပြုရန်။

(ဃ) ကုန်းတွင်းဓာတ်ငွေ့ထားရှိရာနေရာ၌ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်တွင် ဓာတ်ငွေ့ထုတ်လွှတ် မှု၊ မီးလောင်မှု၊ ပေါက်ကွဲမှု၊ အဆောက်အဦများမီးလောင်မှု၊ ဓာတုပစ္စည်းသို့မဟုတ် ဒီဇယ်ဆီ ယိုဖိတ်မှု၊ ဖျားနာမှု၊ မတော်တဆထိခိုက်ဒဏ်ရာရမှု၊ ရာသီဥတုပြင်းထန်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ဆူနာမီ ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အရေးပေါ်အစီအစဉ်များ ထားရှိ ဆောင်ရွက်ရန်။

(င) ကမ်းလွန်ရေနံတူးဖော်ရေး၌ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်တွင် အဆောက်အဦအတွင်း မီးလောင်ခြင်း၊ အသုံးအဆောင်ပစ္စည်းများ၌ မီးလောင်ခြင်း၊ ဓာတ်ငွေ့ထွက်ရှိမှု၊ အမြင့်မှ ကယ်ဆယ်ခြင်း၊ ပစ္စည်းများ တူးဖော်ရာအတွင်း ကျရောက်ခြင်း၊ မီးလောင်ပေါက်ကွဲခြင်း၊ တရားမဝင်ကျူးကျော်မှု၊ လောင်စာဆီနှင့် ဓာတုပစ္စည်းများယိုစိမ့်မှု၊ အဆောက်အဦ မီးလောင်မှု၊ ရာသီဥတုပြင်းထန်မှု၊ မုန်တိုင်းတိုက်ခတ်မှု ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အရေးပေါ်အစီအစဉ်များ ထားရှိ ဆောင်ရွက်ရန်။

(စ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်**။ ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်းဧရိယာနှင့် အနီးအနားတွင် ရှားပါးမျိုးစိတ်များကို ထိန်းသိမ်းခြင်း၊ ကုန်းတွင်းရှိ စီမံကိန်းဧရိယာအတွင်း တိရစ္ဆာန်များဝင်ရောက်ခိုလှုံနေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဘေးကင်းသော နေရာတွင် ပြောင်းရွှေ့ဆောင်ရွက်ရမည်။

(ဆ) **မတော်တဆထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်**။ ပစ္စည်းများ ရေနံတူးဖော်ရာနေရာအတွင်း၌ ပစ္စည်းတစ်စုံတရာကျခဲ့၍ မီးလောင်ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း၊ ဆီများယိုဖိတ်ရာမှ ရေနေသတ္တဝါများ၊ အပင်များ ထိခိုက်ခြင်း၊ မမျှော်မှန်းနိုင်သော လေပြင်းမုန်တိုင်းအန္တရာယ် စသည်တို့အားထည့်သွင်းစဉ်းစား၍ စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရမည်။ ကုန်းတွင်းရှိ ဓာတ်ငွေ့ဂိတ်နေရာတွင် မီးလောင်ပေါက်ကွဲမှုမဖြစ်စေရေး ဆေးလိပ်သောက်ခြင်းအား ကန့်သတ်ခြင်း၊ မီးဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကိစ္စရပ်များအား စနစ်တကျကြပ်မတ်ဆောင်ရွက်ရမည်။

(ဒ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ် ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဓ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(န) **လုပ်ငန်းပိတ်သိမ်းခြင်း။** လုပ်ငန်းပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနစသည့်ဌာနများသို့ ပိတ်သိမ်း ခြင်းမဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့်အစီအစဉ်ကိုတင်ပြရမည်။

ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP) အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြ ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ

နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းလုပ်ငန်းလည်ပတ်ရာမှ အနှံ့ဆိုးထွက်ရှိမှုနှင့်စပ်လျဉ်း၍ အနှံ့ယူနစ် ၅ မှ ၁၀ အတွင်းရှိစေရေးစီမံဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှထွက်ရှိလာမည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ ဌာနမှသတ်မှတ်ထားသည့် နေရာတွင် စနစ်တကျထုတ်ပိုး၍ စွန့်ပစ်ရန်နှင့် လေဟာပြင် မီးရှို့မှုပပျောက်စေရေး ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန်ကျဲထွက်ကျမှု၊အနှံ့အသက်ဆိုးများထွက်ရှိမှု လျော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျော့နည်းစေရေး ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် ပုံမှန်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် MARPOL 73/78 [b] - International Concention for the Prevention of Pollution from Ships ၏ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်းလိုက်နာဆောင်ရွက်ရန်။

(ဂ) **စွန့်ပစ်ရေ အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စွန့်ပစ်ရေ အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အပိုဒ် ၂.၁.၅ ကမ်းလွန်ရေနံနှင့်သဘာဝ ဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ စွန့်ထုတ်အရည်နှင့် စွန့်ပစ်ပစ္စည်းအဆင့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်

(၂) Produced water မှ ထွက်ရှိလာသောရေများ၊ ယာဉ်များဆေးကြောရာမှ ထွက်ရှိလာသောရေများ၊ ဝန်ထမ်းမိသာစုများမှထွက်ရှိလာသောရေများအား ပင်လယ်အတွင်းသို့ တိုက်ရိုက်စွန့်ထုတ်ခြင်းမပြုဘဲသန့်စင်ပြီးမှသာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ထုတ်ရန်။

(ဃ) **အထွေထွေစည်းကမ်းသတ်မှတ်ချက်များ။** အထွေထွေ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ခြင်း၊ ပိတ်သိမ်းခြင်းတို့မှ ဆီယိုဖိတ်မှုမဖြစ်စေရေးနှင့် သဘော်သွားလာမှုမှ ရေနေသတ္တဝါများ၊ အပင်များ၊ သန္ဓာကျောက်တန်းများ အပေါ် သက်ရောက်မှုလျော့နည်းစေရေး၊ စက်လည်ပတ်ခြင်းမှထွက်ရှိလာသည့် မှန်လုံအိမ်ဓာတ်ငွေ့များ၊ မော်တော်ယာဉ်များမှ ထွက်ရှိလာသည့် မှန်လုံအိမ်ဓာတ်ငွေ့များမှတစ်ဆင့် လေထုညစ်ညမ်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) ကုန်းတွင်းရှိ ဓာတ်ငွေ့ဂိတ်၊ ဆိပ်ခံတံတားတည်ရှိရာနေရာ၊ ကမ်းလွန်ရေနံတူးဖော်မှုမှ မီးလောင်ပေါက်ကွဲမှုမရှိစေရေး စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ပင်လယ်မြက်များ၊ အဏ္ဏဝါလိပ်များ စသည်တို့ နေထိုင်ကျက်စားရာ စားကျက်များ၊ မျိုးစိတ်များအတွက် ဒီရေတောအပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝဘေးအန္တရာယ်ဖြစ်သည့် လေပြင်းမုန်တိုင်းကာကွယ်ရန် ဒီရေတောအပင်များစိုက်ပျိုးခြင်းများ စသည်

(offset) လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအမံများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) စီမံကိန်းလုပ်ကွက်မှ ထွက်ရှိလာသည့်သဲများ (Produced sand) အား ပင်လယ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းအားရှောင်ရှားရန်နှင့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ ရောက်ရှိမှသာ စွန့်ပစ်ရန်၊

(၅) ကုန်းတွင်းပိုင်းစွန့်ပစ်ရေသန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေနှင့် သဲနှုန်းများအား အနီးဝန်းကျင်ရှိ ကျေးရွာများ၊ စိုက်ပျိုးမြေများ၊ ငါးမွေးဧရိယာများအပေါ် သက်ရောက်မှုလျော့နည်းစေရေး စနစ်တကျဆောင်ရွက်ရန်၊

(၆) မမျှော်မှန်းနိုင်သော ရာသီဥတုပြင်းထန်မှုမှ ကမ်းလွန်လုပ်ကွက်ရှိဝန်ထမ်းများ ထိခိုက်ပျက်စီးမှုမရှိစေရေး အချိန်မီချိတ်ဆက်ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းဆောင်ရွက်ခြင်းမှ သဘာဝဂေဟစနစ်ပျက်စီးမှု လျော့နည်းစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်းမှ ဓာတ်ဆီဟောင်း/ အောက်ဆီအဟောင်း များအား စနစ်တကျသိမ်းဆည်း၍ စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက် နှင့်အညီ စွန့်ပစ်ဆောင်ရွက်ရန်၊

(၉) လုပ်ငန်းဆောင်ရွက်ခြင်းမှ ရေလမ်းကြောင်းတွင် သဘော်တိုက်မှု၊ ကုန်းလမ်း ကြောင်းတွင် ယာဉ်တိုက်မှုမဖြစ်ပွားစေရေး သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင် စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၁၀) မြန်မာစကားပြော သဘော်သားများကို ရေယာဉ်ပေါ်တွင် လည်းကောင်း၊ ကမ်းလွန်ပလက်ဖောင်းပေါ်တွင်လည်းကောင်း ခန့်အပ်တာဝန်ပေးရန်၊

(၁၁) အစိုင်အခဲအမှိုက်များကို သဘော်ပေါ်မှ စွန့်ပစ်ခြင်းမပြုရန်၊

(၁၂) ပင်လယ်ပတ်ဝန်းကျင်သို့ စွန့်ပစ်နိုင်သည့် အလားအလာရှိသောအရာများကို သန့်စင်ရန် ပလက်ဖောင်းနှင့် ပြုပြင်ထိန်းသိမ်းရေး ရေယာဉ်များကို အသုံး မပြုမီ ကောင်းမွန်စွာထိန်းသိမ်းစစ်ဆေးရန်၊

(၁၃) ပြည်တွင်းနှင့်ပြည်ပ ပို့လွှတ် ပိုက်လိုင်းများစစ်ဆေးရန်၊

(၁၄) လောင်စာဆီဖိတ်စင်မှုများကို ရှင်းလင်းဆောင်ရွက်ရန်အတွက် ပြန်လည် သန့်စင်မည့် ပစ္စည်းကိရိယာ အသင့်ထားရှိရန်၊

(၁၅) ယိုစိမ့်ခြင်း၊ ယိုဖိတ်ခြင်းနှင့် ဖြစ်ပေါ်လာနိုင်သော အဖြစ်အပျက်များကို သိရှိနိုင်ရန် ထောက်ပံ့ရေးရေယာဉ်များဖြင့် ပုံမှန်ကင်းလှည့်စစ်ဆေးရန်၊

(၁၆) စက်ကိရိယာများကို ပုံမှန် ထိန်းသိမ်းခြင်း၊ ရေယာဉ် ကောင်းမွန်မှုနှင့် ရေကြောင်း လုံခြုံမှုအတွက် International Maritime Organization (IMO) စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ရန်၊

(၁၇) မီးရှို့ခြင်း (Flaring) လုပ်ငန်းကို အရေးပေါ်အခြေအနေတွင် ဖိအား မြင့်တက်ခြင်း အန္တရာယ်မဖြစ်စေရေးအတွက်သာ ထားရှိရန်၊ ထိန်းချုပ်မီးရှို့ခြင်းအား ဆောင်ရွက်ရန်။

(၁၈) စီမံကိန်း လည်ပတ်မှုကြောင့် ပင်လယ်ပြင် ညစ်ညမ်းမှု ကာကွယ်ရေးနှင့် စပ်လျဉ်း၍ MARPOL Annex I၊ Annex IV၊ Annex V နှင့် Annex VI သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၁၉) တွင်းတူးဖြတ်စများ စွန့်ပစ်ရာမှ ဆီပါဝင်မှုနှုန်း (1%) အား စောင့်ကြည့် စစ်ဆေးမှုပြုလုပ်ရန်၊

(၂၀) အရေးပေါ်ယိုဖိတ်ခြင်းတုံ့ပြန်မှုအစီအစဉ်နှင့် သက်ဆိုင်သည့် Shipboard Oil Pollution Emergency Plan (SPOEP) နှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းတူးစင်များနှင့် ဆက်စပ်၍ ဖြစ်ပွားလာနိုင်သည့် ရေနံယိုဖိတ်မှုအားလုံး ထည့်သွင်းတွက်ချက် ရေးဆွဲပြင်ဆင်ထားသော Oil Pollution Emergency Plan (OPEP) ကို ဆောင်ရွက်ထားရှိရန်၊

(၂၁) တွင်းတူးသင်္ဘော၊ တွင်းတူးခြင်းလုပ်ငန်းနှင့် ဆက်စပ်သော ဟယ်လီကော်ပတာများတွင် လိုအပ်သော International Certificates၊ Management Plan များအား ပြည့်စုံစွာထားရှိရန်၊

(၂၂) အဆိပ်အတောက်နည်းသော Group (III) Synthetic Organic Based Fluids ကိုသာ အသုံးပြုရန်၊

(၂၃) Waster Management Plan, Emergency Response Plan, Seawater Quality Management Plan, PIC Onshore Gas Terminal (OGT) Emergency Response Plan, PIC Shwe Platform Emergency Response Plan, PIC's Oil Spill Contingency Plan, Community Grevance Mechanism, Capacity Development and Training, Mangrove

Restoration Plan, Corporate Social Responsibility (CSR) Program တို့အား အစီရင်ခံစာပါအတိုင်း အလေးထားလိုက်နာဆောင်ရွက်ရန်။

(c) **ဇီဝမျိုးစုံမျိုးကွဲစိမ်ခန့်ခွဲရေးဆိုင်ရာစည်ကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စိမ်ခန့်ခွဲရေးဆိုင်ရာ စည်ကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ ပင်လယ်အတွင်းရှိ ကာကွယ်ထိန်းသိမ်းထားသော ပင်လယ်သတ္တဝါများအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) IUCN 2015 Red List စာရင်းဝင် မြန်မာ့အဏ္ဏဝါနေ ရေသတ္တဝါများနှင့် မြန်မာ့အဏ္ဏဝါ သယံဇာတများအား ထိခိုက်ခြင်းမရှိစေရန် အလေးပေးဆောင်ရွက်ရန်။

(စ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) Occupational Health and Safety Management Plan ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဆ) **ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပင်လယ်ရေ အရည်အသွေးအား ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ရမည့် စည်ကမ်းချက်များ။** ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ရေရှည်သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း အလေးထားလိုက်နာ ဆောင်ရွက်ရမည်။

(၁) တွင်းတူးဖြတ်စများ စွန့်ပစ်ရာတွင် ဆီပါဝင်မှုနှုန်း 1% အား ပုံမှန် စောင့်ကြည့် စစ်ဆေးမှု (Regular Monitoring) ပြုလုပ်ရန်၊

(၂) စီမံကိန်းလည်ပတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှု ကာကွယ်ရေးနှင့် စပ်လျဉ်း၍ MARPOL Annex I, Annex IV, Annex V နှင့် Annex VI သတ်မှတ် ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၃) Oil Spill Contingency Plan များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဇ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွား လာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းအနီးပတ်ဝန်းကျင် ဧရိယာအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံ ပြည်သူများအတွက် ပံ့ပိုးဆောင်ရွက်မည့် Community Development Plan နှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းတာဝန်ယူမှုအစီအစဉ် (Corporate Social Responsibility-CSR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူများ (Stakeholders) နှင့် စဉ်ဆက်မပြတ်တွေ့ဆုံ ဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ် ဆောင်ရွက်ရန်၊

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်

ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြုံတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း

ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဂ) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(ဃ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်း

ချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဈ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဋ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်

စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီအစဉ်ပါ ကတိ ကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ခွဲခြားစိတ်ဖြာဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်

ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင် ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိ ကဝတ် အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)

ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများသို့မဟုတ်စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ တစ်ဖက်ဖော်ပြပါအချက်

တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို မူလ အတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည်မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင် ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အကြံပြုချက်ဖြင့် သတ်မှတ်တောင်းခံပါကထည့်ဝင်ရန်၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၁ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။
